
ချောက်ချောက်ချားချားပရဆန်းကြယ်လုံးချင်း
ပျောက်ဆုံးနေသော
သိတာမောင်နှမသံချိုင်းတော်

*လူတစ်ယောက်ရဲ့ …ဂုဏ်သတင်းပုံ့မွေးမှုကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်တာ ကိုယ်ကျင့်တရားဆိုတဲ့ …ရန့်တစ်ခုပဲရှိတယ်။

*ကိုယ်ကျင့်တရား ခိုင်မြဲနေသမျှ… ဂုဏ်သိက္ခာအားလုံး ခိုင်မြဲနေဦးမှာ ပါပဲ။

*ကိုယ်ကျင့်တရား ပျက်စီးခဲ့ရင်တော့… ကိုယ့်မှာ ရှိသမျှ ဂုဏ်သိက္ခာအားလုံး ပျက်စီးသွားခဲ့ပြီပေါ့…။

## နိဒါန်းအဖွင့်

ငါ…

ကျိန်စာတစ်ခုရဲ့ …

အကြွေးကို ဆပ်ဖို့ နဲ့

လက်စားချေဖို့ အတွက်

အသက်ရှင်နေရတယ်…။

## အတိတ် (၁)

လျှပ်ရောင်များက ညဥ့်ကောင်းကင်တစ်ပြင်လုံး...တဝင်းဝင်း တလက်လက်...။

ကွေ့ကွေ့ကောက်ကောက် အစင်းကြောင်းကြီးတစ်ခု မဟူရာအမှောင် နက်နက်ထဲတွင် ရုတ်တရက် လင်းလက်သွားကာ ဂျုံးဂျုံးဂျိုင်းဂျိုင်း မြည်ဟည်းသွားသည် ။

"ဂျုံး...ဂျိမ်း...ဂျိုင်း"

လျှပ်ရောင် တဝင်းဝင်း မိုးခြိမ်းသံ တဂျိုင်းဂျိုင်း အောက်တွင် နတ်ကြီးတံခါး တောင်ခြေရှိ အိုဟောင်းနေသည့် နှစ်ဆောင်ပြိုင် အိမ်အိုကြီးတစ်လုံးက မကောင်းဆိုးဝါး တစ္ဆေကောင်ကြီး တစ်ကောင် ငုတ်တုတ် ငိုက်မြည်းနေသည် သို့...။

ကျွန်းပျဉ်းကတိုးများ ဖြင့် ဆောက်လုပ်ထားဟန် တူသည့် နှစ်ဆောင်ပြိုင် အိမ်မည်းမည်းကြီးက နှစ်ပရိစ္ဆေဒ ကြာမြင့်၍ ယိုယွင်းပျက်စီးနေပြီ ဖြစ်သော်လည်း ခိုင်ခန့် တောင့်တင်း နေဆဲပါလေ...။

ဆူညံစွာ မြည်ဟည်းနေသည့် မိုးခြိမ်းသံကြီးများကလည်း ကြောက်ရွံ့ထိတ်လန့်ဖွယ် ကောင်းလောက်အောင်ပင် မြည်ဟည်း ရိုက်ခတ်နေကြသဖြင့် ညဥ့်သည် သွေးပျက် ချောက်ချားဖွယ် အော်မြည်လျက် ရှိပါချေပြီ။

အနောက်တောင် အရပ်ဆီမှ တရိပ်ရိပ်နှင့် တလိပ်လိပ် တက်လာကြသည့် မိုးရိပ်မိုးသားများက သန်းခေါင်ယံ ညဥ့်လယ်ကို ပိုမိုပိန်းပိတ် နက်ရှိုင်းအောင် နက်နက်မှောင်စေခဲ့ပြီထင့်...။ ဖြစ်တည်ဆဲ ဩကာသလော

ကကြီး တစ်ခုလုံးအား ဘာဆို ဘာမျှ မမြင်ရပါလေတော့...။

မိုးသက်လေက ပြင်းထန်လွန်းလှသည် ။

ညဥ့်ဝန်းကျင်တစ်ခုလုံး သစ်ကိုင်းကျိုးသံ၊ သစ်ပင်ကြီးများ လဲပြိုကျသံ၊ သစ်ကိုင်း သစ်ခက်များ ရိုက်ခတ်နေသံများက ကြောက်ခမန်းလိလိ စိုးမိုး ဖုံးလွှမ်းထားကြပါလေ၏။ ဟုတ်သည် ...။ သွေးပျက်ချောက်ချားဖွယ် လမိုက်ည၏ သန်းခေါင်ယံ ကောင်းကင်ပြင် တစ်ခွင်လုံး လျှပ်ရောင် တဝင်းဝင်း၊ မိုးခြိမ်းသံတို့ က ဆင့်ကဲဆင့်ကဲနှင့်။

ပြင်းထန်သော လေနီကြမ်းတို့ ကလည်း တဝေါဝေါနှင့် အော်မြည် ဟွေ့ယမ်းနေကြဆဲ...။

"ဟေး...ဟေး..."

ထိုစဉ်မှာ ပင် နှစ်ဆောင်ပြိုင်အိမ်ကြီးဆီမှ ပြေးထွက်လာသော အရိပ်မည်းကြီးတစ်ခု၏ ချောက်ချားဖွယ် အော်ဟစ်သံကြီးက မိုးသက်လေတွင် ပဲ့တင်ရိုက်ခတ်ကာ ထွက်ပေါ်လာခဲ့သည် ။

"ဟေး...ကျုပ်...ကျုပ် လာခဲ့ပ့ါမယ်...အခုပဲ လာခဲ့ပ့ါမယ် ထိပ်ထားလေး...ကျုပ်...ကျုပ် မေ့...မေ့နေတာ မဟုတ်ပါဘူး...အခုပဲ ဆက်ဆက် လာခဲ့ပ့ါမယ်"

မိုးသက်လေပြင်းကြားထဲတွင် နှစ်ဆောင်ပြိုင် အိမ်ရှေ့ရှိ မြက်ခင်းပြင်ထက်ဝယ် ရပ်ရင်း အရိပ်မည်းလူရွယ်က အမှောင်ထုကြီး အတွင်းသို့ စူးစူးစိုက်စိုက် ကြည့်ကာ အော်ဟစ်နေပါလေ၏။

"ဩော်...ထိပ်ထားလေးက ကျုပ် မလာမှာ စိုးလို့ အခေါ် ဆင့်လိုက်တာလား... ကျုပ်လာမှာ ပေ့ါ ထိပ်ထားလေးရယ်...ကျုပ်ရဲ့ မြင်းကြီး တိမ်ပျံကိုသာ လွှတ်လိုက်ပါ...ကျုပ် မကြာစေရပါဘူး...စိတ်...စိတ်ချပါ ထိ

ပ်ထားလေး"

မိုးသက်လေက ရံဖန်ရံခါ ငြိမ်သွားတော့မယောင်နှင့် ဝေါခနဲ၊ ဖျောခနဲ ဆောင့်၍ ဆောင့်၍ မွှေ့ယမ်း တိုက်ခတ်သွားသည့် လေသရမ်းနှင့်အတူ မိုးစက် မိုးပေါက်တို့ ကလည်း ခပ်ကြမ်းကြမ်း ရွာချလာခဲ့သည် ။

သို့တိုင်အောင်...

လျှပ်ရောင်အလက်တွင် မြင်တွေ့လိုက်ရသည့် ဆံပင်ရှည်ရှည် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ နှင့် လူရွယ်တစ်ယောက်ကမူ မိုးရွာကြီးဝယ် စူးစူးဝါးဝါး ဟစ်အော်နေဆဲ...။

ထိုစဉ် ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည့် မြင်းဟီးသံကြီးတစ်ခုကို မိုးသက်လေပြင်းနှင့် ရော၍ ကြားလိုက်ရသည် နှင့်...

"ဟီး...ဟီး...ဟီး...ဟီး"

"ဟော...တိမ်ပျံ...တိမ်ပျံ မြန်မြန်လာခဲ့ဟေ့...နောက်ကျလို့ မဖြစ်ဘူး...ကြာရင် ထိပ်ထားလေးက ငါ့ကို စိတ်ဆိုးနေလိမ့်မယ်။ ဒီထက် မိုးတွေ သဲမလာခင် ရောက်အောင်သွားမှ ဖြစ်မှာ ဟေ့"

စစ်အင်္ကျီလက်ရှည် အဟောင်းတစ်ထည် ဖိုသီဖတ်သီနှင့် ဘောင်းဘီအနက်ကို ဝတ်ဆင်ထားသည့် လူရွယ်၏ အော်ဟစ် ပြောဆိုသံများ နှင့် အတူ မြည်းညိုကြီးတစ်ကောင်က အနီးသို့ အပြေးအလွှား ရောက်ရှိလာသည် ။ လူရွယ်က သူ့အနီးသို့ ရောက်ရှိလာခဲ့သော မြင်းညိုကြီး တိမ်ပျံပေါ်သို့ လွှားခနဲ တက်လိုက်ပါ၏။ ထိုစဉ်မှာ ပင်...

အမှောင်ထဲမှာ အော်ဟစ် တားမြစ်သံသဲ့သဲ့က မိုးသံလေသံအောက်တွင် ထွက်ပေါ်လာခဲ့သည် ။

"လူ...လူလေး အုပ်စိုး... မ...မသွားပါနဲ့ ...မသွားပါနဲ့ အဘွား တော

င်းပန်… တောင်းပန်ပါတယ်ကွယ်…ထိပ်…ထိပ်ထားလေးတို့ က လူလေးနဲ့ ဘဝ…ဘဝခြားသွားခဲ့ပြီလေ"

အသက်ခုနစ်ဆယ်ကျော်ခန့်ရှိ ဆံပင်များအားလုံး ဖွေးဖွေးဖြူဖြူနေသည့် အဘွားကြီးတစ်ယောက်က သူ့အရပ်ထက် မြင့်သော တောင်ဝှေးကောက်ကောက်ကြီး တစ်ချောင်းနှင့် မီးအိမ်အိုတစ်လုံးကို ဆွဲကာ မြင်းညိုကြီးပေါ်မှ လူရွယ်ကို အော်ဟစ် တားဆီးနေပါ၏။

"တော်…တော်၊ တိတ်စမ်း အဘွားကြီး…ကျုပ်ကို အုပ်စိုးလို့ မခေါ်ပါနဲ့ လို့ ဘယ်နှခါပြောနေရမှာ လဲ…ကျုပ်…ကျုပ် အုပ်… အုပ်စိုးလည်း မဟုတ်ဘူး …ထိပ်ထားလေးနဲ့ လည်း ဘဝမခြားဘူးဗျ…သိလား"

"မ…မ…မဟုတ်ပါဘူး လူလေးရယ်…ထိပ်ထားလေးနဲ့ က တကယ့်ကို ဘဝချင်း ခြားနေပါပြီကွယ်၊ ဒါကြောင့် မသွား…မသွားပါနဲ့ တော့၊ နောက်ပြီး ဟို…ဟို မိုးထဲလေထဲမှာ အန္တရာယ်လည်း များ …များ လွန်းလို့ ပါ"

တုတ်ကောက်ကြီးနှင့် အဘွားအိုက မီးအိမ်အိုကြီးကို ချကာ မြင်းပေါ်တွင် ရောက်ရှိနေပြီ ဖြစ်သော လူရွယ့်ကို မမီမကမ်းနှင့် လှမ်းဆွဲရင်း ဟန့်တားနေပါ၏။

မိုးသက်လေပြင်းကမူ အင်အားကောင်းနှင့် တဝေါဝေါ တဖျောဖျောတိုက်ခတ်လျက် ရှိနေဆဲ…။

ဝင်းခနဲ လင်းခနဲ လက်သွားသည့် လျှပ်ရောင်အောက်တွင် တွေ့မြင်နေရသော လူရွယ်၏ မျက်လုံးအစုံက စူးရှဝင်းလက်လျက်…။

မုတ်ဆိတ်ကျင်စွယ်များ အောက်မှ အသက် (၂၀) ကျော်ခန့် မျက်နှာနုနုလေးမှာ ကြမ်းရှ ခက်ထန်လွန်းလှသည် ။

"ဖယ်…ဖယ်စမ်း ကျုပ်ကို လွှတ်စမ်းပါ အဘွားရယ်…ကျုပ်အတွက် ဒီညက သိပ်ပြီး အရေးကြီးတယ်၊ တော်ကြာ နောက်ကျလို့ ထိပ်ထား လေးက ကျုပ်ကို စိတ်ဆိုးနေဦးမယ်…လွှတ်…လွှတ်…လွှတ်စမ်းပါဗျာ"

လူရွှယ်က သူ၏ ဘောင်းဘီအောက်နားစကို ဆွဲကိုင်ထားသည့် အဘွားအိုကို လွှတ်လိုက်ပြီး မြင်းညိုကြီးဇက်ကို ဆွဲကာ မောင်းနှင်လိုက် ၏။

"ဟေး…ဟိုင်း ခပ်သွက်သွက်လေး ပြေးစမ်း တိမ်ပျံရေ"

သခင့်စကားကို တစ်သဝေမတိမ်း နာခံတတ်သည့် မြင်းညိုကြီး တိမ် ပျံကလည်း ကဆုန်စိုင်း၍ အမှောင်ထဲသို့ ပြေးဝင်သွားခဲ့သည် ။

ခွာချက်ပြင်းပြင်း ရိုက်ခတ်ခံလိုက်ရသည့် မြက်ခင်းပြင်ထက်ရှိ မိုး ရေစက်များက တဖွားဖွားနှင့် လွင့်ပျံကာ လဲကျနေသော အဘွားအား ထိ မှန်လွင့်စဉ်သွားပါ၏။

"လူ…လူလေး…မြေး…မြေးလေး..မင်းဟာ အုပ်စိုး အုပ်စိုးပါ၊ ဟို… ဟို တပ်မှူးလေး သူရိန်…မဟုတ်ပါဘူးကွယ်"

အဘွား၏ တုန်တုန်ယင်ယင်နှင့် အော်ဟစ်ပြောဆိုသံကို လူရွှယ် မကြားနိုင်ပါလေတော့။

ညဥ့်သန်းခေါင် အမှောင်နက်နက်၏ မိုးသက်လေပြင်းအောက်တွင် မြင်းညိုကြီးနှင့်အတူ တိုးဝင်ပျောက်ကွယ် သွားပါလေတော့သည် ။

မိုးစက်တို့ ပျော်ဝင်နေသည့် မြက်ခင်းပြင်ထက်မှာ တော့ တုတ်ကော က်တစ်ဖက်၊ မီးအိမ်တစ်ဖက်နှင့် ဒေါ်ဇာယုဆိုသော အဘွားအိုတစ်ယော က်ကမူ လဲပြိုကျန်ရစ်လျက် ရှိနေဆဲ…။

***

# အတိတ် (၂)

လမိုက်ည သန်းခေါင်ယံက မိုးရန့်များ နှင့်အတူ လေတွင် လွင့်မျော နေသည် ။

လမှောင်မှောင် မိုးမှောင်မှောင်ထဲမှာ ပင် တဝေါဝေါ တိုက်ခတ်နေသည့် မိုးသက်လေပြင်းကြောင့် မကောင်းဆိုးဝါး တစ္ဆေကောင်များ ၏ လက်တံရှည်ကြီးများ သဖွယ် ဟိုဒီ ယိမ်းခါလှုပ်ယမ်းနေကြသော သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်မည်းမည်း ရိပ်ရိပ်တို့ ကိုလည်း လျှပ်ရောင်အပျက်တွင် တွေ့မြင်လိုက်ရသည် ။

ထို့အတူ ဝင်းခနဲ ပြက်လိုက်သည့် လျှပ်ရောင်အောက်တွင် တွေ့မြင်နေရသော သုသာန်တစ်စပြင် သင်္ချိုင်းပျက်ကြီးကလည်း တကယ့်ကိုသွေးပျက်ချောက်ချားဖွယ်ရာပင်။ လျှပ်ရောင်၊ လျှပ်ပန်းလျှပ်နွယ်များကညဥ့်ကောင်းကင်ပြင် တစ်ပြင်လုံးကို ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးချုပ်ကိုင်ထားဆဲ။

မိုးခြိမ်းသံတို့ ကလည်း ဆင့်ကဲ...ဆင့်ကဲ...။

"ဂျိမ်း...ဂျိုင်း...ဒလိန်း"

"ဂျွမ်း...ဗြန်း...ဗြန်း...ဂျွမ်း"

ကမ္ဘာမြေပြင်ကြီး တစ်နေရာရှိ သင်္ချိုင်းဇရပ်ပျက်ကြီးတစ်ခု၏ ခေါင်မိုးမှ သံချက်များ ပြုတ်ထွက်နေသည့် သွပ်ချပ်အပျက်အစီးများက မိုးသ

က်လေပြင်းကြောင့် တဂ္လမ်းဂ္လမ်း၊ တဖြန်းဖြန်း ရိုက်ခါနေကြသည် ။ အသုံးမပြုခဲ့သည် မှာ သို့မဟုတ် စွန့်ပစ်ခဲ့သည် မှာ ကြာမြင့်ခဲ့ပြီ ဖြစ်ဟန်တူသော သင်္ချိုင်းပျက်ကြီးတစ်ခုလုံးကို နယ်ချဲ့စိုးမိုးထားပါချေ၏။

ရံဖန်ရံခါ အစာလု မာန်မီနေကြသည့် ကြီးမားလှသော မြေအောင်းကြွက်ကြီးများ ၏ အော်ဟစ်သံများ ၊ တောကြောင်ရိုင်းများ ၏ စူးစူးရှရှ အော်သံများက မိုးသည်းည သင်္ချိုင်းမြေ၏ အမှောင်ထုအောက်ဝယ် ကြက်သီးမွေးညင်း ထခမန်းပင်တည်း...။

တစ်ဆက်တည်းမှာ ပင် တောခွေးများ ၊ ခွေးအ,များ နှင့် မြေကြွက်ကြီးများ ယက်ဖော်ထားကြဟန်တူသည့် မြေစာများ ၊ လူအရိုးများ နှင့် လူခေါင်းခွံအချို့ကလည်း သင်္ချိုင်းတစ်စပြင်ထဲဝယ် နေရာအနှံ့ပြန့်ကြဲလျက်...။ ထိုစဉ်မှာ ပင်...

"ဟီး...ဟီး...ဟီး...ဟီး"

မိုးသံလေသံကြားမှ ထွင်းဖောက်ထွက်ပေါ်လာသော မြင်းဟီသံကြီးတစ်ခုက ဖုန်းဆိုးကုန်းသင်္ချိုင်းမြေ အဝင်ဝဆီမှ ကြားလိုက်ရသည် ။

ခပ်ကြမ်းကြမ်း သွန်ကြဲနေသည့် မိုးစက်မိုးပေါက်များ အောက်မှ ကဆုန်စိုင်းကာ ခရီးပြင်းနှင်လာသည့် လူရွယ်မှာ မြင်းညိုကြီး၏ ဇက်ကို သပ်လိုက်သည် ။ အုပ်စိုးဆိုသည့် လူရွယ်၏ ဆံပင်ရှည်ရိုင်းများက မိုးရေတို့ ဖြင့် ရွှဲနစ်လျက်...။ မျက်နှာပြင်ထက်သို့ စီးကျလာသည့် မိုးရေစက်များကို လက်ခုံနှင့် ခပ်ကြမ်းကြမ်း သုတ်ဖယ်လိုက်ရင်း...

"ထိပ်...ထိပ်ထားလေး...ကျုပ်...ကျုပ် ရောက် လာပြီလေ၊ ဟို...ဟို...နောက်...နောက်ကျလို့ စိတ်ဆိုးနေပြီလား...ထိပ်ထားလေး မှာ ခဲ့တာကို ကျုပ်ရှာနေတာ ကြာပြီ...အခုချိန်ထိ မတွေ့သေးပါဘူး ထိပ်ထားရယ်...အခုလည်း ကျုပ် ရှာ...ရှာရအောင် ရောက်...ရောက်လာခဲ့ပြီလေ...

ဟင်း...ဟင်း..ဟင်း"

လူရွယ်က တတွတ်တွတ်နှင့် ပြောဆိုရင်း မြင်းညိုကြီးပေါ်မှ လွှားခနဲ ခုန်ဆင်းကာ သင်္ချိုင်းပျက် အုတ်ဂူများကြားသို့ ပြေးဝင်သွားပါ၏။ ပြေးရင်းလွှားရင်း တတွတ်တွတ်နှင့် အော်ဟစ်တောင်းပန်နေခဲ့၏။

"ကျုပ်...ကျုပ်ကို ခွင့်လွှတ်ပါ ထိပ်ထားလေးရယ်...ကျုပ် ကျုပ်...အဲဒီပစ္စည်းကို မတွေ့တွေ့အောင် ရှာ...ရှာပ့ါမယ်"

အုပ်စိုးဆိုသည့် လူရွယ်မှာ မည်သူ့ကို ရည်ရွယ်၍ တောင်းပန်နေသည် မသိ။ ထိပ်ထားလေး ဆိုသည် မှာ မည်သူနည်း။ မည်သည့်အရာကို လူရွယ် သဲသဲမဲမဲ ရှာဖွေနေပါသနည်း။

ထိုအဖြေကိုမူ ကာယကံရှင် လူရွယ်မှ လွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ သိရှိနိုင်မည် မထင်ပါ။

ဟိုမှ ဒီမှ ဝှေ့ယမ်းတိုက်ခတ်နေသော မိုးသက်လေက ဝေါခနဲ၊ ဖျောခနဲ ဆောင့်၍ ဆောင့်၍ တိုက်ခတ်နေသဖြင့် မိုးစက်မိုးပေါက်တို့ ကခပ်ကြမ်းကြမ်း လွင့်စဉ်ကြဲပြန့်နေကြသည် ။

"ဟော...မိုးကလည်း ရွာချနေပြန်ပြီ ထိပ်ထားရေ...ဒါပေမဲ့ ကျုပ်လေ...ကျုပ်ကတိအတိုင်း ရောက်အောင် လာခဲ့ပါတယ်နော်"

သင်္ချိုင်းအတွင်းမှ ထူထပ်စွာ ပေါက်နေကြသော မြက်ရိုင်းပင်များကြားသို့ လူရွယ်က တိုးဝှေ့ဝင်လာခဲ့သည် ။ လမိုက်ညအမှောင်နက်နက်ထဲသို့ တိုးဝင်နေရသော်လည်း မကြာခဏဆိုသလို ဝင်းခနဲ၊ ပြက်ခနဲ လက်နေသည့် လျှပ်ရောင်ကြောင့် သင်္ချိုင်းပျက်တွင်းရှိ အရာအားလုံးကို မြင်တွေ့နေရပါ၏။

အုပ်စိုးဆိုသည့် လူရွယ်မှာ ဤဖုန်းဆိုးကုန်း သင်္ချိုင်းမြေအတွင်းသို့ ဖ

န်တစ်ရာတေအောင် ခြေရာချင်းထပ်မျှ ရောက်နေကျမို့ သူ့အတွက်မူ ဤသင်္ချိုင်းပျက်ကြီးသည် နေ့မရှိ၊ ညမသိ၊ အမှောင်နက်နက်ကိုလည်း ဂရုမစိုက်။ သူသွားလိုသည့်နေရာ၊ သူရောက်ချသည့် အုတ်ဂူမြေပုံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မည်မှာ မလွဲပါတည်း။

ယခုလည်း လမိုက်ည မိုးသဲသဲတွင် လျှပ်ရောင်တဝင်းဝင်းကို အဖော်ပြုကာ သူသွားလိုသည့်နေရာသို့ မြက်ရိုင်းတောကြီးကို ဖြတ်ကာ တိုးဝှေ့ဝင်ရောက်နေခြင်း ဖြစ်သည် ။ မှတ်တိုင်အကျိုးအပဲ့များ ၊ အုတ်ဂူပျက်ကြီးများ နှင့် ချုံပုတ်အချို့ကို တွန်းတိုက်တိုးဝှေ့ ဝင်လာခဲ့ပြီးနောက်ဆုံးမှာ တော့ တစ်ပိုင်းတစ ပျက်စီးယိုယွင်းနေသည့် အုတ်ဂူတစ်လုံးရှေ့သို့ ရောက်ရှိလာခဲ့ပါ၏။

"ဒိန်း...ဒလိန်း...ဂျိမ်း"

လျှပ်ရောင်တွင် ပြိုပျက်နေသည့် အုတ်ဂူထက်မှ ပျက်ပြယ်လုလု စာသားကမ္ပည်း အချို့ကို မြင်တွေ့လိုက်ရသည် ။

စောလှမင်းခေါင်

အသက် (၄၂) နှစ်

(၁၉၅၆) ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သည် ။

ဆေးတချို့ ပျက်ပြယ်စပင် ပြုနေသည့် ကမ္ပည်းစာတန်းကို စူးရှဝင်းလက်သော အကြည့်များ ဖြင့် စူးစူးရဲရဲ ကြည့်လိုက်ရင်း...

"ကျုပ်...ကျုပ် ရှာနေတာ ကြာပါပြီ ထိပ်ထားရယ်...အခုအချိန်ထိ ရှာလို့ ကို မတွေ့သေးဘူး...ဟို...ဟို သူ...သူ သူတို့ ကလည်း ရောက်...ရောက်လာကြတော့မှာ ဆိုတော့...အို...ကျုပ်...ကျုပ် ညံ့လို့ ထိပ်ထား

လေးရဲ့ ပစ္စည်းကို ရှာမတွေ့နိုင်ခဲ့တာပေါ့။ ဟော...ဟော... မိုး...မိုးတွေကလည်း သည်းလာပြန်ပြီ...အို... ရောက်လာမှ တော့ မထူးတော့ပါဘူး ...ထိပ်ထားလေးရဲ့ အမြတ်နိုးဆုံး ပစ္စည်းကို ကျုပ်...ကျုပ် ဒီညမှာ မတွေ့ တွေ့အောင် ရှာ...ရှာမယ်"

မိုးသီးမိုးပေါက်များက လူရွယ်၏ ခန္ဓာကိုယ်ထက်သို့ အတားအဆီးမဲ့ ဒလဟော ကျဆင်းနေကြသည် ။ ဟိုမှ ဒီမှ ဝေ့ဝဲတိုက်ခတ်နေသည့် မိုးသက်လေပြင်းအောက်တွင် သင်္ချိုင်းပျက်တစ်စပြင်ကြီးသည် တဝီဝီအော်မြည်လျက် ရှိပါချေပြီ။ ဒူးဆစ်သာသာခန့်ရှိသော မြက်ရိုင်းပင်များကလည်း မိုးသက်လေပြင်းကြောင့် ယမ်းခါလှုပ်ရှားနေကြသည် ။

လူရွယ်က အုတ်ဂူပျက်ကြီး ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ရင်း ခါးကြားမှ ဓားမြှောင်ကို ထုတ်ယူလိုက်သည် ။ ပြီးလျှင် မြက်ပင်ရှည်ကြီးများ နှင့် အုတ်ဂူပျက်ကြီးအနီး တစ်ဝိုက်တွင် တူးဆွရှာဖွေနေပါချေ၏။

မိုးရေများက ရှည်လျားသော ဆံပင်ရှည်ကြီးများ ပေါ်မှ တစ်ဆင့် လူရွယ်၏ မျက်နှာပြင်ထက်သို့ စီးကျနေကြသည် ။ လူရွယ်၏ တစ်ကိုယ်လုံး မိုးရေများ ရွှဲနစ်နေသဖြင့် တဆတ်ဆတ် တုန်ယင်လျက်...။

"ဂျိမ်း...ဝုန်း...ချွင်"

မိုးခြိမ်းသံ တစ်ချက်၊ လျှပ်စီးတစ်ချက် အပြက်တွင် ဖျတ်ခနဲ မြင်တွေ့လိုက်ရသည့် လူရွယ်၏ မျက်ဝန်းအစုံက အရောင်တလက်လက်နှင့် စူးရှလင်းလက်နေကြသည် ။

မိုးရေများကြောင့် သင်္ချိုင်းတစ်စပြင်၏ မြေသားများမှာ တူးဆွရန် လွယ်ကူပါသော်လည်း လူရွယ် သဲသဲမဲမဲရှာဖွေနေသည့် ပစ္စည်းကိုမူ တွေ့ရှိပုံ မရသေးပါချေ။

"ဟင်း…ဟင်း…ဟင်း…နေရာများ မှားနေသလား မသိဘူး ထိပ်ထားရေ…ထိပ်ထားလေးရဲ့ ပစ္စည်းကို အခုချိန်ထိ မတွေ့ရသေးဘူး၊ ဒါ…ဒါပေမဲ့ စိတ်…စိတ်ချ ထိပ်ထားလေး၊ ကျုပ်လေ ဒီည မတွေ့တွေ့အောင်ကို ရှာမှာ ဗျနော်…ဟင်း…ဟင်း…ဟင်း…ဟင်း"

ဒေါသတကြီး ဟစ်အော်တူးဆွ ရှာဖွေနေသည့် လူရွယ်ခမျာ သဲသဲမဲမဲ ရွာချနေသော မိုးသက်လေကြမ်းအောက်တွင် ကြာရှည်မဟန်နိုင်ရှာပြီထင့်…။ တဟင်းဟင်းနှင့် အံကြိတ်မြည်တမ်းရင်း တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင် လာပြီး…

"ဟင်း…ဟင်း သူ သူတို့ ရောက်လာခဲ့ရင် မလွယ်တော့ဘူး။ ဟင်း…ဟင်း တွေ့အောင် ရှာရမယ်…တွေ့…တွေ့အောင်ရှာ…အ…အင့်…အား"

တုန်ရင်နက်ကျောက်သော အော်ဟစ်သံကြီးနှင့်အတူ မြက်ရိုင်းပင်များ ကြားတွင် ဝုန်းခနဲ သတိလစ် လဲကျသွားပါချေတော့သည် ။

"အီး…အား…ဝုန်း"

"ဟီး…ဟီး…ဟီး…ဟီး"

သခင်ဖြစ်သူ၏ အော်ဟစ်သံကြီးကို ကြားလိုက်ရသည့် မြင်းညိုကြီး တိမ်ပုံမှာ သခင်၏ အနီးသို့ အပြေးအလွှား ရောက်ရှိ လာပြီး လဲကျသတိလစ်နေသည့် သူ၏ သခင်ကို ကြည့်လိုက်ပါ၏။

ထို့နောက် လည်ဆန်မွေးများကို ယမ်းခါလိုက်ပြီး ပြင်းထန်စွာ ဟီသံပြုကာ တဝေါဝေါရွာချနေသော မိုးစက်မိုးပေါက်များကြားသို့ ပြေးဝင်ပျောက်ကွယ် သွားပါတော့သည် ။

သန်းခေါင်ယံ လမိုက်ညဉ့်ရင်ခွင်ထဲမှာ တော့ အခါမဲ့မိုးက

တဝေါဝေါနှင့် အငြိုးကြီးစွာ ရွာသွန်းနေဆဲ…။

***

# အခန်း (၁)

## "သီတာမောင်နှမသံချိုင်း မှတ်တမ်း (၁)"

"ဝုန်း…ဝေါ…ဖျော…ဝရော…အုံး"

"ဟေး…မြို့ရိုးကြီး ပြိုလဲသွားပြီး မြို့ပေါက်သွားပြီဟေ့"

"ဟေး…တက်ကြ…တက်ကြ သံလျင်မြို့ တံတိုင်းကြီး ပေါက်သွားပြီ ဟေ့"

"ဟေး…ဟိုင်း…ဟေး…ဟူး"

မြို့ပေါက်သွားပြီ…သံလျင်မြို့တံတိုင်းကြီး ပြိုလဲကျသွားပြီဟေ့ဟူသော အော်ဟစ်သံကြီးများ နှင့်အတူ ပစ်ခတ်သံ၊ ခုတ်ထစ်သံ၊ ဓားသံ၊ သေနတ်သံများ နှင့် ဟစ်အော်ဆူညံသံကြီးများက သံလျင်မြို့ကြီးအတွင်းဝယ် သွေးပျက်ချောက်ချားဖွယ် ဆူညံလျက် ရှိပေသည်။

"ထောင်လွှားမာနဟူသမျှလည်း လျှောကျနောက်ဆုံး ရှိချေ၏"

ဟူသော စကားလက်ာအတိုင်း အင်းဝမင်း မဟာဓမ္မရာဇာကိုယ်တိုင် ကြည်းတပ်၊ ရေတပ်၊ ဆင်တပ်၊ မြင်းတပ် စသော စစ်သည် ဗိုလ်ပါ အလုံးအရင်းနှင့် သုံးလတိတိ ဝိုင်းရံပိတ်ဆို့ ထားသည့်အခြေအနေတွင် သံလျင်မြို့အား ဝိုင်းရံပတ်ကာရံထားသော အုတ်မြို့ရိုးတံတိုင်းကြီးသည်

တစ်ခုသော ညဥ့်အရဏ်တွင် ဝုန်း...ဟူသော ကြောက်မက်ဖွယ်ရာ အသံကြီးဖြင့် ပြိုကျသွားခဲ့ရပါချေပြီကော...။

စင်စစ်မှာ မူ အင်းဝတပ်သားများ ၏ မလျှော့သော ဇွဲလုံ့လ ဝီရိယကြီးမားစွာဖြင့် မြို့ရိုးတံတိုင်းကြီး အောက်မြေမှ ဥမင်လိုဏ်ခေါင်း တူးကာ ဖြိုဖျက်ချလိုက်သောကြောင့် ခိုင်ခန့်ကြီးမားလှသည့် သံလျင်မြို့ ရိုး တံတိုင်းကြီး ပြိုလဲကျသွားရခြင်းပင်တည်း...။

သံလျင်စား ငဇင်ကာ၏ တပ်သည် ထိုခေတ် ထိုအချိန်အခါလျောက် လွန်စွာ ခေတ်မှီစွာ တည်ဆောက်ထားသည့် ခိုင်ခန့်ကြီးမားလှသော ခံ တပ်ကြီးတစ်ခု ဖြစ်သည် ။ သံလျင်စားငဇင်ကာတွင် စစ်သည် နည်းဗျူ ဟာများ နှင့် ခေတ်မှီစွာ တည်ဆောက်ထားသည့် ခိုင်ခန့်ကြီးမားလှသော ခံတပ်ကြီးတစ်ခု ဖြစ်သည် ။ သံလျင်စားငဇင်ကာတွင် စစ်သည် နည်းဗျူ ဟာများ နှင့် ခေတ်မှီလက်နက်များ တပ်ဆင်ထားကြသည် မို့ သွေးကြွ မာန်တက်လျှင် ရှိကြသည် ။

သို့သော် အမျိုးဘာသာ၊ သာသနာအတွက် မိမိတို့ အသက်ကိုပင် စွန့် လွှတ်ပေးဆပ်ပြီးသား ဖြစ်သော အင်းဝမင်း၊ မဟာဓမ္မရာဇာသည် ရခိုင် မင်းနှင့် ပူးပေါင်းကာ ရေတပ်ကြီးပေါင်း ရှစ်ရာ၊ ကြည်းတပ်အင်အားတွ င် လည်း တပ်မကြီးပေါင်း တစ်ဆယ့်သုံးထပ်၊ တိုက်ဆင်ပေါင်း ခြောက် ရာ၊ မြင်းခုနစ်ထောင်၊ စစ်သည် တော်ပေါင်း တစ်သိန်းသုံးသောင်းနှင့်...

"ခံနိုင်လျှင် ခံပေရော့ ငဇင်ကာရေ..." ဟု ကြိမ်းဝါးကာ ချီတက်လာ ခဲ့ကြပေသည် ။

ထို့ပြင် အင်းဝစစ်သည် များ နှင့် ရခိုင်စစ်သည် များ ၏ စိတ်နှလုံးတွ င် လည်း ဤရိုင်းစိုင်းယုတ်မာသော လူမျိုးခြားမိစ္ဆာကောင်ကို အနိုင်ရ အောင် တိုက်မည်ဟူသော သံန္နိဋ္ဌာန်ချချက်များကလည်း စစ်သည် များ

၏ ရင်မှာ စွဲမြဲနေပါချေပြီကော...။

သို့သော်...။

တကယ့်တကယ် ရင်ဆိုင်စစ်ပွဲကြီးတွင် ...သုံးရက်တိုင်တိုင် သံလျင်ခံတပ်မြို့ရိုး တံတိုင်းကို အသက်စွန့်၍ ဖြိုသူဖြို၊ တက်သူတက်၊ ကျော်သူကျော်နှင့် ထိုးဖောက်တိုက်ခိုက်ကြသော်လည်း သံလျင်ခံတပ်မြို့ရိုးနှင့် ငဇင်ကာတို့ မှာ မူ မည်သို့မျှ အပြုးမပျက်ကြ။ ငဇင်ကာ, တစ်ယောက်များ ပြားလှသော ဇနီးမယားများ ၏ အလယ်တွင် အရယ်အပြုံးပင် မပျက်။ မိမိကိုယ်ကို အောင်နိုင်သူ ဘုရင်တစ်ပါးအဖြစ် သွေးနားထင်ရောက်နေခဲ့သည် မဟုတ်ပါလား...။ သို့သော်...

လက်ရုံးရည်သာမက နှလုံးရည်ပညာဉာဏ်စွမ်းပါ ထက်မြက်သော အင်းဝမင်း မဟာဓမ္မရာဇာနှင့် သူ၏ ဗိုလ်မှူး၊ အကြပ်တပ်သားများ သည် သန်လျင်မြို့တွင်းသို့ ထိုးဖောက်ဝင်ရောက် တိုက်ခိုက်နိုင်ရန်အတွက် မြို့ရိုး၏ အောက်ခြေသို့ ကပ်ကာ ဥမင်လိုဏ်ခေါင်းတစ်ခုကို လုံ့လဝီရိယကြီးစွာဖြင့် ဖောက်လုပ်နိုင်ခဲ့သဖြင့် နောက်ဆုံး သံလျင်မြို့ရိုး တံတိုင်းကြီး ပြိုလဲပျက်စီးသွားခဲ့ရသည် မဟုတ်ပါလား...။

ယခုတော့ နက်ရှိုင်းလှသော ညဥ့်အမှောင်ကမ္ဘာကြီးထဲဝယ် သံလျင်သည် ပစ်ခတ်သံ၊ ခုတ်ထစ်သံ၊ အော်ဟစ်ညည်းတွားသံများ နှင့် ညဥ့်အနိဋ္ဌာရုံ နိဒါန်းအစကို သွေးပင်လယ်ဖြင့် ဖွင့်လှစ်ခဲ့ပါချေပြီတည်း။

လျှပ်စီးအပြက်တွင် ဓားတစ်ချက် အောက်တွင် ညည်းတွားသံ၊ အော်ဟစ်ငိုယိုသံ၊ တရုန်းရုန်း ပြေးလွှားသံများက သံလျင်၏ ဟိုနေရာ၊ ဒီနေရာအနှံ့ စီးမျောလွင့်ပျံ့နေကြသည် ။ ညဥ့်အမှောင်တွင် ဓားရောင်၊ လှံရောင်တို့ သည် ဖိတ်ဖိတ်လက်လျှင် သေနတ်ပစ်ခတ်သံ ကြိုးတိုးကြဲတဲသည် ဓားသံ၊ လှံသံအော်ဟစ် ကြုံးဝါးသံများ အောက်တွင် နစ်မြုပ်ပျော

က်ကွယ်   သွားကြလေသည် လား…။

သံလျင်မြို့ကြီးသည် မီးဟုန်းဟုန်း တောက်လောင်လျက် ရှိပါချေပြီ ကော…။

အင်းဝစစ်သားများ သည် သံလျင်မြို့တွင်းသို့ ရောက်သည် နှင့် အသင့်ယူဆောင်လာကြသော မီးတုတ်များကို မီးရှို့ကာ အဆောက်အဦ မှန်သမျှကို ကိုယ်စီ ကိုင်စွဲထားကြသော်လည်း လှိုင်းလုံးအင်အားဖြင့် အလုံးအရင်း အော်ဟစ်ဝင်ရောက် လာကြသည့် အင်းဝစစ်သားများကို အံ့ဩမှင်သက်စွာ ငေးမောကြည့်နေခိုက် မီးတုတ်များ ၊ လှံတိုများ ၊ ခါးစူးများ နှင့် မြားတံများက မိုးရွာသကဲ့သို့ သူတို့ အပေါ် ဖြန့်ကားကျလာသောကြောင့် သေနတ်မောင်းများကိုပင် မဖြုတ်နိုင်ကြဘဲ နေရာတွင် ပင် ပွဲချင်းပြီး ကျဆုံးသွားကြရသည် ။

သံလျင်ကား တစ်ဇာတ်သိမ်း ရလေပြီ…။

စင်စစ် ငဇင်ကာသည် အရာရာတွင် အကွက်စေ့စေ့ကြံစည်နိုင်သူဟု သူ့ကိုယ်သူ ယုံကြည်မှု လွန်ကဲနေသူတစ်ဦး ဖြစ်သည် ။ ယုံကြည်ရန်လည်း အရင်းခံအကြောင်းက ရှိနေပါ၏။

သူ၏ ဘဝနိဒါန်းအစသည် သာမညမျှသာ…။

အိုးခြေအိမ်ခြေယာခြေ မရှိသည့် ခြေသလုံးအိမ်တိုင် ဘဝမျှနှင့် ထိုးဖောက်ဝင်ရောက်လာသူ၊ ရခိုင်ဘုရင်ထံတွင် အစေအပါး ကျွန်တစ်ယောက်သဖွယ် နေလာခဲ့ရာမှ ဤသို့သော ဗိုလ်ချုပ်ရာထူးကြီးကို ရရှိလာခဲ့သည် မဟုတ်ပါလား…။

ယခုမူ ထိပ်ဆုံးသို့ ရောက်လိုသောဆန္ဒ၊ အာဏာကို အရှူးအမူးနှင့် နည်းမျိုးစုံသုံးကာ ရယူပိုင်ဆိုင်လိုခဲ့သည့် သံလျင်စား ငဇင်ကား၏ ဘဝနိ

ဂုံးသည် ကား သွေးစွန်းသော အနိဋ္ဌာရုံများ ဖြင့် အရုပ်ဆိုး၊ အကျည်းတန်လွန်းလှချေ၏ တကား…။

တံကျင်လှိုကာ အသတ်ခံထားရသည့် ဇေင်ကာကို သံလျင်မြို့သူမြို့သားများ အားလုံး လာရောက်၍ ကြည့်စေရမည် ဟူသော အင်းဝမင်း၏ အမိန့်တော်ကြောင့် ဇေင်ကာ နေထိုင်သော မြို့တွင်းလမ်းမကျယ်ကြီးပေါ်ရှိ နန်းတော်တမျှ ခမ်းနားစွာ ဆောက်လုပ်ထားသည့် သူ့အိမ်ရှေ့တွင် လာရောက်ကြည့်ရှုကြသူများ ဖြင့် ပြည့်လျှံနေကြသည် ။

သာသနာ့ပစ္စည်း၊ ဘုရားပစ္စည်းလည်း မရှောင်။ သာသနိက အဆောက်အဦ ကျောင်းပစ္စည်းများကိုလည်း မရှောင်။

တန်ဖိုးရှိသော အရာမှန်သမျှ တူးဖော်ဖျက်ဆီး ယူငင်ခဲ့သော ဇေင်ကာ၏ ဘဝကား သေသောအခါ…သူ့အတွက် ဘာမျှ သယ်ဆောင်၍ မသွားနိုင်ပါချေပြီတည်း…။

နောက်ဆုံးတော့ မိစ္ဆာအယူဝါဒရှိသည့် 'ဇေင်ကာ' ၏ အမည်နာမသည် လည်း မြန်မာ့သမိုင်းတွင် ကမ္ဘာသိလူဆိုး၊ လူညစ်တစ်ဦးအဖြစ်နှင့်သာ မှတ်တမ်းတင်ခဲ့ကြရ ပေတော့မည်တကား…။

မြန်မာသမိုင်း၌ အေဒီ(၁၆၀၇) ခုနှစ်တွင် သံလျင်မြို့သည် ပေါ်တူဂီလက်အောက်သို့ ကျရောက်ခဲ့ခြင်းမှာ ပထမဦးဆုံးအကြိမ် တိုင်းတစ်ပါးနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ခြင်း ဖြစ်သည် ။ ပေါ်တူဂီရာဇဝင်တွင် မူ ဖီးလစ်ဒီဘရစ်တို(ခေါ်) ဇေင်ကာသည် သံလျင်ကို (၆ နှစ်၊ ၃ လ) ကြာ သိမ်းပိုက်စံမြန်းခဲ့သည် ဟု မှတ်ရသည် ။

မြန်မာရာဇဝင်တွင် အင်းဝဘုရင် မဟာဓမ္မရာဇာခေါ် အနောက်ဘက်လွန်မင်းကြီး၏ သန်လျင်တိုက်ပွဲသည် သာမာန်ဖြစ်ပွားသော…ပဒေသရာဇ် စစ်ပွဲတစ်ရပ်မျှသာ မဟုတ်ဘဲ မြန်မာအမျိုးသား တစ်ရပ်လုံး၏

ဂုဏ်သိက္ခာအား ကိုယ်စားပြုသော စစ်ပွဲကြီးတစ်ပွဲလည်း ဖြစ်ပါ၏။

ဆိုရပါမူ အမျိုးဘာသာ၊ သာသနာကို ဖျက်ဆီးသူ နိုယတမိစ္ဆာနယ်ချဲ့ ငဇင်ကာကို မောင်းထုတ်နိုင်ခဲ့သည့် ဇာတိမာန်စစ်ပွဲကြီး တစ်ပွဲပင် ဖြစ်ပါချေတော့သည် ။

ဟုတ်သည် ...။ ဖိလစ်ဒီဗရစ်တို (ခေါ်) ငဇင်ကာသည် တကယ့်သာသနာဖျက် စစ်ဝါဒီသမား စစ်စစ်တစ်ယောက် ဖြစ်သည် ။

ကျွန်ုပ်သိသမျှဆိုလျှင် သံလျင်မြို့ရှိ စေတီဘုရား ပုထိုးကျောင်းကန်များမှ ဌာပနာပစ္စည်းများ နှင့် ရွှေငွေရတနာများကို ဖောက်ယူဖျက်ဆီးခဲ့သည် ။ တောင်ငူကို တိုက်ခိုက်သိမ်းပိုက်စဉ်ကလည်း စေတီဘုရားပုထိုးများမှ ကြေးခေါင်းလောင်းကြီးများ ကြေးဆင်းတုတော်များ နှင့် ဌာပနာများကို ဖောက်ထွင်း ဖျက်ဆီး၍ ယူငင်ရုံသာမက တောင်ငူရွှေနန်းတွင် အစဉ်အဆက် သိုမှီးသိမ်းဆည်း လာခဲ့သည့် အဖိုးတန် ကျောက်မျက်ရတနာများ နှင့် ရွှေငွေများကို သန်လျင်သို့ အားလုံး သယ်ဆောင်သွားခဲ့ပါလေ၏။

ထိုမျှသာမက သံလျင်စားငဇင်ကာသည် သံလျင်ဝန်းကျင်ရှိ ဘုရားစေတီများကို ဖျက်ဆီး၍ အဖိုးတန်ရတနာ စိန်ကျောက်များကို သိမ်းယူခဲ့ပြီး ဘုရားခေါင်းလောင်းများကိုလည်း အရည်ကျို၍ အမြောက်လက်နက်များကို သွန်းလုပ်ခဲ့သည် ။ အထင်ကရ မှတ်မှတ်သားသားဆိုလျှင် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဓမ္မစေတီမင်းကြီး လှူဒါန်းခဲ့သော ကြေးပိဿာချိန် (၁၈၀၀၀၀) ကျော် ရှိသည့် ခေါင်းလောင်းကြီးကို သက္ကရာဇ် (၁၆၁၂) ခုနှစ်တွင် ဖြုတ်ချ၍ သန်လျင်သို့ သယ်ယူရန် ကြိုးစားခဲ့သည် ။ သို့သော် ဒေါပုံမြစ်တွင် လှေဝမ်းကွဲ၍ ခေါင်းလောင်းကြီး နစ်မြုပ်ကာ ယခုတိုင် ရှာဖွေ၍ မရတော့ဘဲ ပျောက်ဆုံးသွားခဲ့ရသည် မဟုတ်ပါလား။

ထိုစဉ်က ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးနှင့်အတူ ဇေင်ကာ၏ ရတနာသေတ္တာကြီး တစ်လုံးလည်း နစ်မြုပ် ဆုံးရှုံးသွားခဲ့ရသည် ကို ကျွန်ုပ်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသည် ။ သို့သော်…ကျွန်ုပ် စိတ်အဝင်စားဆုံးအရာကား ထိုအရာများ မဟုတ်ပါ။

သံလျင်မြို့အပျက်တွင် ထွက်ပြေးပုန်းရှောင်သွားသည့် သန်လျင်စား ဇေင်ကာ၏ ချစ်မြတ်နိုးဆုံး ကြင်ရာတော် ရခိုင်မင်းသမီးလေး…စောသန္တာတို့ မိသားစုပင်တည်း။ ဇေင်ကာတွင် ပေါ်တူဂီဘုရင်ခံချုပ်၏ တူမတော် ကာတာနီးယား ဟူသော ကြင်ရာတော် မယားကြီးနှင့် ကြင်ရာတော်များ စွာ ရှိသည့်တိုင် ဇေင်ကာသည် ရခိုင်မင်းသမီးလေး စောသန္တာကို ပိုမို၍ ချစ်မြတ်နိုးခဲ့သည် ။ အားလုံးထက် ပိုမို၍ အရေးပေး မြတ်နိုးရသည် မှာ ကား လက်ထပ်ပြီး မကြာမီ ရခိုင်မင်းသမီးလေး စောသန္တာတွင် သားတော်လေးတစ်ပါးနှင့် သမီးတော်လေးတစ်ပါး ဖွားမြင်ခဲ့သည် ။

ဇေင်ကာသည် သူ၏ သားတော်နှင့် သမီးတော်လေးတို့ ကို သူ ကိုးကွယ်သော ဘုန်းတော်ကြီးများ နှင့် သာသာသွင်းပွဲ၊ အမည်ပေးပွဲ မင်္ဂလာများကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ပေးခဲ့သည် ။

ထိုအခမ်းအနားတွင် ဇေင်ကာသည် သူ၏ ရင်သွေးတော်နှစ်ပါးအတွက် ချစ်ခင်မြတ်နိုးသော စိတ်ဖြင့် ရတနာသေတ္တာတစ်လုံးစီ ချီးမြှင့်ပေးအပ်ခဲ့သည် ကိုလည်း ကျွန်ုပ်ကိုယ်တိုင် မျက်မြင်ကြုံတွေ့ခဲ့ရပါသည် ။ သို့တိုင်အောင် ရခိုင်မင်းသမီးလေး စောသန္တာမှာ မူ သားကိုရော၊ သမီးကိုပါ ဇေင်ကာပေးထားသည့် အမည်များကို လုံးဝမခေါ်ဘဲ သားတော်လေးအမည်ကို ‘နန္ဒဘယ’၊ သမီးတော်အမည်ကို ‘သုပဘာဒေဝီ’ ဟု သာ ခေါ်တွင် စေခဲ့သည် ။

ဤနေရာမှ စ၍ သံလျင်မြို့အား အင်းဝ မင်းမဟာဓမ္မရာဇာ တိုက်ခို

က်သိမ်းပိုက်ပုံကို ပြန်လည်၍ စတင်ရမည် ဖြစ်ပါ၏။

သံလျင်မြို့ရိုး တံတိုင်းအား အင်းဝတပ်သားတို့ က ဥမင်လှိုဏ်ခေါင်း တူး၍ ဖြိုချဖျက်ဆီးခဲ့ရာမှ မြို့ရိုးမြို့တာ ကျိုးပေါက်ကာ သံလျင်မြို့တွင်းသို့ အင်းဝတပ်သားများ အင်အားအလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ကြသည် ။

သံလျင်သည် မီးဟုန်းဟုန်း တောက်ခဲ့ပေပြီ။

အနိဋ္ဌာရုံသွေးပင်လယ် ဝေခဲ့သည် ။ သေနတ်သံ၊ ဓားသံ၊ အော်ဟစ်ညည်းတွားသံများ နှင့် ကမ္ဘာပျက် ကပ်ဆိုက်ခဲ့သည် ။ ထိုထိုသောအချိန်တွင် လူတို့ သည် မိမိတို့ ၏ အသက်ချမ်းသာ လွတ်မြောက်ရေးကိုသာ စဉ်းစားတတ်ကြသည် မဟုတ်ပါလား...။

ထို့အတူ ရခိုင်မင်းသမီးလေး စောသန္တာ၏ ကမ္ဘာလည်း မီးလောင်ပျက်စီးလျက် ရှိပါလေ၏။ စောသန္တာမှာ ဇေင်ကာ ဘယ်မှာ ရှိနေသည် ကို မစဉ်းစားနိုင်တော့။ သူ၏ လက်ရှိ နန်းစဉ်ရတနာများ နှင့် သားတော်သမီးတော် နှစ်ပါး၏ ရတနာသေတ္တာနှစ်လုံးကိုပါ လုံခြုံစွာ ထုပ်ပိုးသိမ်းဆည်း၍ အဝတ်နွမ်းများကို လဲလှယ်ဝတ်ဆင်ကာ မျက်နှာများကို ပေကျံစွန်းထင်းအောင် ပြုမူလိုက်သည် ။ အားလုံး ပြီးစီးသည် နှင့် သားနှင့်သမီးလက်ကို ဆွဲကာ မှောင်ရိပ်ခို၍ သံလျင်မြို့နန်းအား ကျောခိုင်းစွန့်ခွာ ထွက်ပြေးခဲ့ပါတော့သည် ။

ကျွန်ုပ်၏ မျက်စိထဲတွင် ထိုနေ့ညက စောသန္တာ သိမ်းဆည်းနေသည့်များ ပြားလှသော အဖိုးတန်နန်းစဉ် ရတနာပစ္စည်းများအား မျက်လုံးထဲမှ မထွက်နိုင်ပါချေပြီတည်း...။

ကျွန်ုပ် နောက်ဆုံး စုံစမ်း၍ ရသမျှ သတင်းမှတ်တမ်း အချက်အလက်များ အရဆိုလျှင် ရခိုင်မင်းသမီး စောသန္တာသည် ငဝန်မြစ်ကြောင်းမှ

တစ်ဆင့် ရခိုင်ရိုးမ တောကြီးအတွင်းသို့ ထွက်ပြေး တိမ်းရှောင်သွားခဲ့သည် ။ နောင်တွင် အမတ်ကြီး သူဒိန် မှ တစ်ဆင့် ဦးစီး၍ ကုန်းပြင်ဒေသ တစ်ဝိုက်တွင် 'ကျိုက်ယသီ (မြန်မာအခေါ်-သီတာမြို့' ဟူသော မြို့တော် သစ်တစ်ခုကို မြို့ရိုး၊ မြို့တာ၊ မြို့တံခါးများ ၊ ကျုံးများ ဖြင့် အခိုင်အမာ တည်ဆောက်စေခဲ့သည် ။

ပြီးလျှင် မဟာဆိမဟာသွေး မောင်နှမနှစ်ယောက်အား အမတ်ကြီး သုဒိန်သည် သာယာဝတီမင်းတို့ ၏ ထုံးစံနှင့်အညီ အင်းဝမဟာဓမ္မရာဇာ သည် လည်း တစ်မိတည်း၊ တစ်ဖတည်း ဖွားဖြစ်သည့် နှမတော် အရင်း ' အတုလစန္ဒာဒေဝီ' ကို မိဖုရားကြီး တင်မြှောက်ခဲ့သည့် နည်းတူ မင်း သားလေး နန္ဒဘယနှင့် နှမတော်လေး သုပဘာဒေဝီတို့ ကိုလည်း စုလျား ရစ်ပတ် ထိမ်းမြားပေးပြီးလျှင် သီတာထီးနန်းကို အုပ်ချုပ်စေခဲ့သည် ။

သီတာမြို့တော်အား ရစ်ခွေ ကွေ့ဝိုက်ကာ စီးဆင်းနေသည့် တောင် ကျ ချောင်းလေးကိုလည်း 'သီတာချောင်း' ဟု ခေါ်တွင် စေခဲ့ပါ၏။ အား လုံး အားလုံးသော အရာများ ထဲမှ ကျွန်ုပ် အထူးစိတ်ဝင်စားဆုံး အရာ သည် ကား ထူးဆန်းစွာ ပျောက်ဆုံးနေသည် ဆိုသော "သီတာမောင်နှမ သင်္ချိုင်းတော်" ပင်တည်း...။

သုပဘာဒေဝီ မိဖုရား သို့မဟုတ် သီတာမင်းသမီးလေး နတ်ရွာစံခဲ့ သောအခါတွင် ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသော ရွှေခေါင်းတလားကြီးထဲဝယ် သီတာ မင်းသမီးလေး၏ ရုပ်အလောင်း တော်နှင့်အတူ မိဖုရား၏ နန်းစဉ်ရတနာများ နှင့် အသုံးအဆောင် ရွှေ ငွေရတနာပစ္စည်းများကိုပါ ထည့်သွင်းမြှုပ်နှံ၍ သင်္ဂြိုဟ်ခဲ့သည် ဟု အတိ အကျ မှတ်တမ်းတင်ထားခဲ့သည် ။

သို့သော် သီတာမောင်နှမ နတ်ရွာစံခဲ့ကြပြီး သီတာကုန်းပြင်မြို့တော်

ကြီး ပျက်စီးပျောက်ကွယ် သွားခဲ့အချိန်အထိ "သီတာမောင်နှမသင်္ချိုင်းတော်" နှစ်ခုကို မည်သူ တစ်ဦးတစ်ယောက်မျှ ရှာဖွေမတွေ့ရှိသေးသည်မှာ ယခုတိုင် ပဟေဠိပုစ္ဆာတစ်ပုဒ်၏ လျှို့ဝှက်ချက်နှယ် ဖြစ်နေပါတော့သည် ။

နောက် အခွင့်အခါ သင့်ခဲ့လျှင် သို့မဟုတ် ရွှေရောင်လွှမ်းသော မြန်မာပြည်သို့ အကြောင်း တစ်စုံတစ်ရာနှင့် ရောက်ရှိခဲ့ပါလျှင် အချိန်အခါမရွေး ရှာဖွေတူးဖော်နိုင်ရန်အတွက် ကျွန်ုပ်ကိုယ်တိုင် ဤသီတာမောင်နှမသင်္ချိုင်းတော် မှတ်တမ်းကို ဆက်လက်ရေးထိုး ပြုစုခဲ့ပါသည် ။

သောမတ်ဂ္ဂျန်ဆင်

ဒုတိယမာလိန်မှူး

BLUESTAR

နေ့စွဲ - ၁၆၁၃ ခုနှစ်၊ နိုင်ဝင်ဘာလ၊ ၁၂ ရက်။

သီတာမောင်နှမ သင်္ချိုင်းတော် ဒိုင်ယာလီမှတ်တမ်း စာအုပ်ကြီးကို မစ္စတာသောမတ်ဝီလ်ဆင် ဖတ်ရှုနေရာမှ ပိတ်လိုက်ပါ၏။ နံရံကပ်နာရီကြီးထံမှ တဒင်ဒင်နှင့် နာရီမြည်သံ ဆယ့်နှစ်ချက်တိတိကို ကြားလိုက်ရသည် ။ ချမ်းစိမ့်စိမ့်နှင့် အေးမြသော ဒီဇင်ဘာ ဆောင်းညသည် ပင် အိုမင်းရင့်ရော်စ ပြုလာခဲ့ပါချေပြီကော…။

မစ္စတာ သောမတ်ဝီလ်ဆင်က စားပွဲပေါ်ရှိ ယွန်းဆေးလိပ်ခွက်ထဲမှ ဆေးပြင်းလိပ်မည်းမည်း ရှည်ရှည်လေး တစ်လိပ်ကို ယူကာ ကြေးမီးခြစ်တစ်လုံးနှင့် စိတ်ရှည်လက်ရှည် မီးညှိနေပါ၏။

ဆေးပြင်းလိပ်တွင် မီးညီညီစွဲသွားမှ မီးခြစ်ကို ပိတ်ကာ တစ်ချက် နှ

စ်ချက်ခန့် ရှိက်ဖွာလိုက်သည် ။ ပြီးမှ ဆေးလိပ်မီးခိုးငွေ့များကို အသာအယာ မှုတ်ထုတ်လိုက်ရင်း စားပွဲမှ ထကာ ဝရန်တာဘက်ဆီသို့ တဒေါက်ဒေါက်နှင့် လျှောက်လာခဲ့သည် ။ မြန်မာပြည်၏ ဒီဇင်ဘာဆောင်း ညဥ့်လေအေးတစ်ချက်က သုတ်ခနဲ သူ့အား တိုးဝှေ့ကျီစယ် သွားသဖြင့် လည်ပင်းတွင် ရစ်ပတ်ထားသည့် မာဖလာထည်လေးအား ခပ်တင်းတင်း ဆွဲယူရစ်ပတ်လိုက်ပါ၏။

စင်စစ် မစ္စတာ သောမတ်ဝီလ်ဆင်သည် ၁၉၃၉ ခုနှစ်ခန့်က မြန်မာပြည်သို့ တစ်ကြိမ် ရောက်ခဲ့ဖူးပါသေးသည် ။ ထိုစဉ်က ဥရောပတိုက်တွင် စစ်ရိပ်စစ်ငွေ့များ ဖုံးလွှမ်းနေသော အချိန်ကာလ ဖြစ်ပါ၏။ ဂျာမနီနိုင်ငံ၏ စစ်အင်အားမှာ မထင်မှတ်ဘဲ လွန်စွာကြီးထွားလာခဲ့သဖြင့် ပတ်ဝန်းကျင်နိုင်ငံများ ဖြစ်ကြသော ပြင်သစ်၊ အင်္ဂလန်၊ ရုရှားစသည့် နိုင်ငံကြီးများ ပင် ဂျာမနီနိုင်ငံ၏ စစ်အင်အားကို စိုးရွံ့ထိတ်လန့် နေကြရသည့် အခြေအနေသို့ ဆိုက်ရောက်နေချိန်လည်း ဖြစ်သည် ။

မှတ်မှတ်ရရဆိုလျှင် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် စစ်အင်အားကြီးမား ခေတ်မှီလှသော ဂျာမနီနိုင်ငံသည် ပိုလန်နိုင်ငံ တစ်နိုင်ငံကို မတရားကျူးကျော် သိမ်းပိုက်ခဲ့သည် ။

ထိုကဲ့သို့ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံကို မတရားကျူးကျော် တိုက်ခိုက်ခြင်းကို အကြောင်းပြု၍ အင်္ဂလိပ်နှင့် ပြင်သစ်တို့ က ဂျာမနီကို ၁၉၃၉ ခုနှစ်၊ စက်တင်ဘာ (၃) ရက်နေ့တွင် စစ်ကြေညာကာ ပိုလန်ဘက်မှ ဝင်ရောက် တိုက်ခိုက်ခဲ့ရာမှ ကြောက်မက်ဖွယ် ဒုတိယကမ္ဘာစစ်မီးကြီး စတင်၍ ဝါးမျို လောင်ကျွမ်းခဲ့ပါချေတော့သည် ။

ထို့ကြောင့် တစ်နွယ်ငင် တစ်စင်ပါဆိုသကဲ့သို့ အင်္ဂလိပ်လက်အော

က်ခံ နိုင်ငံများ ဖြစ်ကြသော အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ မှာ လည်း ကမ္ဘာစစ်မီးကြီး၏ အရှိန်အဟုန်စက်ကွင်း အတွင်းသို့ ပါဝင်သွားခဲ့ကြရပြီး ဒုတိယကမ္ဘာစစ်ပွဲကြီးကိုပါ နွှဲကြသော နိုင်ငံများ အဖြစ်သို့ အလိုအလျောက် ရောက်ရှိသွားခဲ့ကြရပါလေသည် ။

ထိုအချိန်က အင်္ဂလိပ်တို့ အုပ်ချုပ်သော မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘုရင်ခံ ဆာဒေါမန်စမစ် အုပ်ချုပ်နေချိန်ဖြစ်ပါ၏။ ထိုစဉ်ကတည်းကပင် အသက်နှစ်ဆယ်ကျော်ခန့်ရှိ သောမတ်ဝီလ်ဆင်သည် လက်ထောက်အရေးပိုင် ငယ်ဘဝဖြင့် မြန်မာပြည်သို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့ဖူးပါ၏။ အောက်မြန်မာနိုင်ငံ၏ အစွန်အဖျားဖြစ်သော မြိတ်ဒြိစတြိတ်တွင် တာဝန်ထမ်းဆောင်ရင်း သုံးနှစ်ကျော်ခန့် နေထိုင်ခဲ့သူလည်း ဖြစ်ပါသည် ။ စင်စစ် မစ္စတာသောမတ်ဝီလ်ဆင်မှာ ပေါ်တူဂီသွေးစပ်သည့် နိုင်ငံခြားဗြိတိသျှ လူမျိုးတစ်ယောက်လည်း ဖြစ်သည် ။

ထိုစဉ် အချိန်ကာလကမူ…လက်ထောက်အရေးပိုင်ငယ် သောမတ်ဝီလ်ဆင်မှ (သီတာမောင်နှမ သင်္ချိုင်းတော်) နှင့်ပတ်သက်၍ စိုးစဉ်းမျှ မသိနိုင်ခဲ့သေးပါ။ စစ်ရေးအခြေကလည်း လွန်စွာ ရှုပ်ထွေးဆိုးဝါး နေသော အချိန်ကာလနှင့်လည်း ကြုံကြိုက်တိုက်ဆိုင်နေပါ၏။ သူ တာဝန်ကျရာ မြန်မာနိုင်ငံတွင် လည်း အင်္ဂလိပ်အစိုးရက ဒုတိယကမ္ဘာစစ်ကြီးကို အင်္ဂလိပ်ဘက်မှ ကူညီတိုက်ခိုက်ရန် မြန်မာတိုင်းရင်းသားများ ပါဝင်သော စစ်တပ်ကြီးများကို ဖွဲ့စည်းလျက် ရှိပါ၏။ ထိုစစ်တပ်များကို ကွပ်ကဲအုပ်ချုပ်ရန်အတွက် (Militia Training) ခေါ် အရေးပေါ် စစ်အရာရှိ လေ့ကျင့်ရေး သင်တန်းများကို အရေးပေါ် ဖွင့်လှစ်ပေးခဲ့လေသည် ။

ထိုကဲ့သို့ လက်ထောက်အရေးပိုင်ငယ် သောမတ်ဝီလ်ဆင်တစ်ယောက် အလုပ်တာဝန်ဝတ္တရားများ နှင့် ဗျာများ နေစဉ် အင်္ဂလန်တွင် ကျကျ

န်ရစ်ခဲ့သည့် သူ၏ ဖခင်သောမတ်အက်ဒီကား အက်ဆီးဒင့်ဖြစ်၍ အသက်အန္တရာယ် စိုးရိမ်ရကြောင်း အဆက်အသွယ်ရခဲ့သည် ။

ထို့ကြောင့် အရေးပေါ်ကိစ္စ ဖြစ်သည့်အတွက် သောမတ်ဝီလ်ဆင်မှာ အင်္ဂလန်သို့ ပြန်ခွင့်ရရှိခဲ့သည် ။ သို့သော် စစ်ဆင်ရေးကာလဖြစ်သဖြင့် ခရီးကြန့်ကြာ နှောင့်နှေးမှုတို့ ကြောင့် ဖခင်ကြီး၏ အသက်ကို မမှီပါလေတော့ ဤသို့ဖြင့် သောမတ်ဝီလ်ဆင်မှာ သူတို့ ၏ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရသည့် အမွေဆက်ခံပိုင်ခွင့် အစဉ်အလာအရ ဖခင်ကြီး၏ အမွေပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ပါ၏။

ထိုအမွေပစ္စည်းများ ထဲမှ စိတ်ဝင်စားဖွယ်ရာ ဒိုင်ယာရီစာအုပ် တစ်အုပ်ကို သောမတ်ဝီလ်ဆင် ထူးထူးခြားခြား ရရှိခဲ့သည် ။

ထို ဒိုင်ယာရီမှတ်တမ်းမှာ … သူ၏ ဘိုးဘေးတော်စပ်သူ (BLUE STAR) သင်္ဘောမာလိန်မှူးကြီး သောမတ်ဂျွန်ဆင်ဆိုသည့် သင်္ဘောသားတစ်ယောက်၏ (၁၆၁၂) ခုနှစ်ဝန်းကျင်က ကြုံတွေ့ခဲ့ရသော မြန်မာပြည်၏ စစ်သမိုင်းမှတ်တမ်း စာအုပ်တစ်အုပ် ဖြစ်နေခဲ့သည် ။ ထိုစစ်သမိုင်းစာအုပ်ကြီးမှာ သံလျင်စား ဖိလစ်ဒီဇရစ်တို ခေါ် စစ်ဗိုလ်ချုပ်ငဇင်ကာ၏ အဆက်အသွယ်များ ဖြစ်ခဲ့ကြသည့် ရခိုင်မင်းသမီးလေး စောသန္တာ၊ သူ၏ သားတော်သမီးတော်နှစ်ပါး ဖြစ်ကြသော နန္ဒဘယမင်းသားလေးနှင့် သုပဘာဒေဝီ မင်းသမီး (သီတာမောင်နှမ) စသည့် မင်းမျိုးမင်းနွယ်များ ၏ အတ္ထုပတ္တိမှတ်တမ်းကြီး ဖြစ်နေပါလေ၏။

သို့သော် သောမတ်ဝီလ်ဆင်မှာ ထိုမှတ်တမ်းစာအုပ်ကို ထိုစဉ်အချိန်က ရေရေရာရာ မဖတ်ကြည့်နိုင်ခဲ့သေးပါ။ ဖခင်ကြီး လွဲပြောင်းသွားသည့် အမွေပစ္စည်းများကိစ္စ၊ စစ်ရေးကိစ္စများ နှင့် ရှုပ်ထွေးနေသည် မို့ ထိုမှတ်တမ်းစာအုပ်ဘက်သို့ ပြန်၍ လှည့်မကြည့်နိုင်ခဲ့ပေ။

ထိုအချိန်တွင် မြန်မာပြည်၏ စစ်ရေးအခြေအနေမှာ အင်္ဂလိပ်တို့ အတွက် မကောင်းတော့။ မြန်မာ့မျိုးချစ် တော်လှန်ရေးသမားများက ဂျပန်နှင့် တိတ်တဆိတ် ဆက်သွယ်ကာ အင်္ဂလိပ်တို့ ကို တိုက်ခိုက်မောင်းထုတ်ရန် စိုင်းပြင်းနေကြသော အချိန်နှင့် တိုက်ဆိုင်နေသဖြင့် သောမတ်ဝီလ်ဆင် မြန်မာပြည်သို့ သွားရောက်၍ တာဝန်ထမ်းဆောင်ခွင့် မရပါလေတော့။

ဤသို့ဖြင့် (၁၉၄၀-၄၂) ခုနှစ်တွင် "နေမဝင်အင်ပါယာကြီး၏ အရှင်သခင်များ " ဟု ကမ္ဘာ့အလယ်တွင် လေလုံးထွားခဲ့သော ဗြိတိသျှ အင်္ဂလိပ်နယ်ချဲ့တို့ သည် ရေစီးတစ်ခါ ရေသာတစ်လှည့် ဟူသော သင်္ခါရသဘောတရားကို မလွန်ဆန်နိုင်တော့ဘဲ မြန်မာနိုင်ငံမှ ဆုတ်ခွာခဲ့ရပါတော့သည် ။

ထိုအချိန်တွင် သောမတ်ဝီလ်ဆင်မှာ သူ လွန်စွာ စိတ်ပါဝင်စားသည့် သုတေသန လေ့လာရေးနှင့် ရှေးဟောင်းသမိုင်း အထောက်အထားများ၊ ရှာဖွေတူးဖော်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါ၏။ ထိုသို့သော အချိန်ကျမှ သူ အမွေဆက်ခံခွင့် ရရှိထားသည့် မြန်မာပြည်စစ် မှတ်တမ်းစာအုပ်ကြီးကို သတိရ အမှတ်ရခဲ့သဖြင့် ဖတ်ရှုကြည့်ခဲ့ရာမှ (ပျောက်ဆုံးနေသော သီတာမောင်နှမ သံချိုင်းတော်) နှင့် ပတ်သက်သော ရှားရှားပါးပါး ရှေးဟောင်းရတနာ သိုက်ကြီးတစ်ခု ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရပါတော့သည် ။

ယခုတိုင် မည်သူမျှ ရှာဖွေ၍ မတွေ့နိုင်သေးသည့် သီတာမင်းသမီးလေး၏ ရွှေသားစစ်စစ် ခေါင်းတလားကြီးနှင့် အဖိုးတန်နန်းစဉ် ရတနာပစ္စည်းများ နှင့် ထူးဆန်းစွာ ပျောက်ဆုံးနေသော "သီတာမောင်နှမ နှစ်ယောက်၏ သံချိုင်းတော်"။

သံလျင်ဇေင်ကာနှင့် ရခိုင်မင်းသမီးလေး စောသန္တာတို့ ၏ သားတော် ၊ သမီးတော် နှစ်ပါးဖြစ်ကြသော နန္ဒဘယဘုရင်လေးနှင့် သုပဘာဒေဝီ ခေါ် သီတာမင်းသမီးလေးတို့ ၏ ရင်နင့်ကြေကွဲဖွယ်၊ စိတ်ဝင်စားဖွယ်၊ သွေးပျက်ချောက်ချားဖွယ်၊ လောကသဏ္ဍာရတက်ဖွယ် ဖြစ်ရပ်များ ။

အမတ်ကြီး သုဒိန်သည် "နန္ဒဘယဘုရင်လေး" ၏ ရုပ်အလောင်းကို မည်သည့်အရပ်သို့ သယ်ဆောင်၍ မည်ကဲ့သို့ သင်္ဂြိုဟ်ခဲ့ကြောင်း မည်သူမျှမသိခဲ့ကြသလို နှမတော် သုပဘာဒေဝီခေါ် သီတာမင်းသမီးလေး၏ ရုပ်အလောင်းနှင့်အတူ နန်းစဉ်ရတနာ သေတ္တာနှင့် ရွှေငွေ ရတနာပစ္စည်းများကို အပြည့်အသိပ် ထည့်ကာ ရခိုင်ရိုးမ တောင်ခြေရှိ သီတာကုန်းပြင်မြို့ လောင်ပူစာ၌ မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည် ဆိုသော မှတ်တမ်းအချက်အလက်များ ။

စသော...သီတာမောင်နှမ သမိုင်းတော်နှင့် ပတ်သက်နေသည့် လျှို့ဝှက်ပဟေဠိများက သောမတ်ဝီလ်ဆင်အတွက် အိပ်မပျော်နိုင်သော ညပေါင်းများ စွာတို့ ကို သန္ဓေတည် မွေးဖွားပေးခဲ့ပါသည် ဟု ဆိုလျှင်...။

ဒီဇင်ဘာည၏ လခြမ်းကွေးကွေးလေးကမူ ဆောင်းနှင်းမြူတို့ ကြားတွင် ငုပ်ချည်ပေါ်ချည်ဖြင့် သန်းခေါင်ယံလွန် ခရီးစဉ်အတွက် ခရီးနှင်နေဆဲ...။

***